8

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပို့ဆောင်ရေးဝန်ကြီးဌာန
# ဝန်ကြီးရုံး
# အမိန့်ကြော်ငြာစာ

အမိန့်အမှတ် (၂၀ / ၂၀၁၆)
၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ( ၃ ) ရက်
၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ( ၂၇ ) ရက်

**မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသွား စက်တပ်ရေယာဉ်များနှင့် စက်မဲ့တွဲများ၏ လုပ်ငန်းလိုင်စင်ကြေးများ သတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပို့ဆောင်ရေးဝန်ကြီးဌာနသည် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသွား စက်တပ်ရေယာဉ်များနှင့် စက်မဲ့တွဲများ ၏ လုပ်ငန်းလိုင်စင်ကြေးများ သတ်မှတ်ခြင်းသည် ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ၊ ပုဒ်မ (၂၄)၊ ပုဒ်မခွဲ (က) အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသွား စက်တပ်ရေယာဉ်များနှင့် စက်မဲ့တွဲများ၏ လုပ်ငန်းလိုင်စင်ကြေးများအား အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) **စက်မြင်းကောင်ရေ (၂၀) ထက်မပိုသော စက်တပ်ရေယာဉ်များ**

(၁) **ကုန်စည်ပို့ဆောင်ခွင့် “က” အမျိုးအစားလုပ်ငန်းလိုင်စင်ကြေး**

| | အကြောင်းအရာ | တစ်စီးအတွက်တစ်နှစ် (၁၂) လနှုန်း |
|---|---|---|
| (ကက) | စုစုပေါင်းတန်ချိန် (၁၀)တန်အထိ | ၁၀၀၀ ကျပ် |
| ( ခခ ) | စုစုပေါင်းတန်ချိန် (၂၅) တန်အထိ | ၂၀၀၀ ကျပ် |
| ( ဂဂ ) | စုစုပေါင်းတန်ချိန် (၅၀) တန်အထိ | ၃၀၀၀ ကျပ် |

(၂) **ခရီးသည်ပို့ဆောင်ခွင့် “ခ” အမျိုးအစားလုပ်ငန်းလိုင်စင်ကြေး**

စက်မြင်းကောင်ရေ (၂၀) ထက်မပိုသော စက်တပ်ရေယာဉ်များ၏ ခရီးသည် ပို့ဆောင်ခွင့် “ခ” အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို တင်ဆောင်ခွင့်ပြုသည့် ခရီးသည် အရေအတွက်အရ ခရီးသည် တစ်ဦးလျှင် (၁၅၀) ကျပ်နှုန်း သတ်မှတ်ရန်။

(၃) စင်းလုံးငှားပို့ဆောင်ခွင့် "ဂ" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး

စက်မြင်းကောင်ရေ (၂၀) ထက်မပိုသော စက်တပ်ရေယာဉ်များ၏ စင်းလုံးငှား ခရီးသည်ပို့ဆောင်ခွင့် "ဂ" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို "ခ" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး၏ ၇၅% သတ်မှတ်ရန်။

(၄) ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး "င" အမျိုးအစားလုပ်ငန်းလိုင်စင်ကြေး

စက်မြင်းကောင်ရေ (၂၀) ထက်မပိုသော စက်တပ်ရေယာဉ်များ၏ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းသုံး "င" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို "က" အမျိုးအစားလုပ်ငန်း လိုင်စင်ကြေး၏ ၅၀% သတ်မှတ်ရန်။

(ခ) စက်မြင်းကောင်ရေ(၂၀)အထက် စက်တပ်ရေယာဉ်များနှင့် ရှုံးချုပ်မှတ်ပုံတင် ရေယာဉ်များ

(၁) ကုန်စည်ပို့ဆောင်ခွင့် "က" အမျိုးအစားလုပ်ငန်းလိုင်စင်ကြေး

| | အကြောင်းအရာ | တစ်စီးအတွက်တစ်နှစ် (၁၂) လနှုန်း |
|---|---|---|
| (ကက) | စုစုပေါင်းတန်ချိန် (၁၀) တန်အထိ | ၂၅၀၀ ကျပ် |
| (ခခ) | စုစုပေါင်းတန်ချိန် (၂၅) တန်အထိ | ၅၀၀၀ ကျပ် |
| (ဂဂ) | စုစုပေါင်းတန်ချိန် (၅၀) တန်အထိ | ၇၅၀၀ ကျပ် |
| (ဃဃ) | စုစုပေါင်းတန်ချိန် (၇၅) တန်အထိ | ၁၀၀၀၀ ကျပ် |
| (ငင) | စုစုပေါင်းတန်ချိန် (၁၀၀) တန်အထိ | ၁၂၅၀၀ ကျပ် |
| (စစ) | စုစုပေါင်းတန်ချိန် (၂၀၀) တန်အထိ | ၁၅၀၀၀ ကျပ် |
| (ဆဆ) | စုစုပေါင်းတန်ချိန် (၂၀၀) တန်အထက် | ၁၅၀၀၀ ကျပ်+အပို တစ်တန်လျှင် (၅၀)ကျပ်နှုန်း |

(၂) စင်းလုံးငှား ပို့ဆောင်ခွင့် "ဂ" အမျိုးအစားလုပ်ငန်းလိုင်စင်ကြေး

စက်မြင်းကောင်ရေ (၂၀) အထက် စင်းလုံးငှားပို့ဆောင်ခွင့် "ဂ" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို "က" အမျိုးအစားလုပ်ငန်းလိုင်စင်ကြေး၏ ၇၅% သတ်မှတ်ရန်။

(၃) ပဋိညာဉ်အရသယ်ယူ ပို့ဆောင်ခွင့် "ဃ" အမျိုးအစားလုပ်ငန်းလိုင်စင်ကြေး

စက်မြင်းကောင်ရေ (၂၀) အထက် ပဋိညာဉ်အရသယ်ယူ ပို့ဆောင်ခွင့် "ဃ" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို "က" အမျိုးအစားလုပ်ငန်း လိုင်စင်ကြေး အတိုင်း သတ်မှတ်ရန်။

(၄) ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး "င" အမျိုးအစားလုပ်ငန်းလိုင်စင်ကြေး

စက်မြင်းကောင်ရေ (၂၀) အထက် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး "င" အမျိုး အစားလုပ်ငန်းလိုင်စင်ကြေးကို "က" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး၏ ၅၀% သတ်မှတ်ရန်။

(ဂ) စက်မြင်းကောင်ရေ (၂၀) အထက် စက်တပ်ရေယာဉ်များနှင့် ရှုံးချုပ်မှတ်ပုံတင် ရေယာဉ်များ

(၁) စက်မြင်းကောင်ရေ (၂၀) အထက် စက်တပ်ရေယာဉ်များနှင့် ရုံးချုပ် မှတ်ပုံတင် ရေယာဉ်များ၏ "ခ" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို တင်ဆောင်ခွင့်ပြုသည့် ခရီးသည်အရေအတွက်အရ ခရီးရှည် ခွင့်ပြုထားသည့် ရေယာဉ်များအတွက် ခရီးသည်တစ်ဦးလျှင် (၂၀၀) ကျပ်နှုန်း၊ ခရီးတို ခွင့်ပြုထားသည့် ရေယာဉ်များအတွက် ခရီးသည်တစ်ဦးလျှင် (၁၅၀) ကျပ်နှုန်း သတ်မှတ်ရန်။

မှတ်ချက်။ ခရီးတိုဆိုသည်မှာ ရေယာဉ်ခုတ်မောင်းချိန် ၂၄ နာရီထက် နည်းသည့် ခရီးစဉ်ကိုဆိုလိုပြီး ခရီးရှည်ဆိုသည်မှာ ရေယာဉ်ခုတ်မောင်းချိန် ၂၄ နာရီထက်များသည့် ခရီးစဉ်ကိုဆိုလိုသည်။

(၂) စက်မြင်းကောင်ရေ (၂၀) အထက် စက်တပ်ရေယာဉ်များနှင့် ရုံးချုပ်မှတ်ပုံတင် ရေယာဉ်များ၏ အပျော်စီးခရီးသည်တင် "ခ" အမျိုးအစားလုပ်ငန်း လိုင်စင်ကြေးကို ရေယာဉ်၏ စုစုပေါင်းတန်ချိန် တစ်တန်လျှင် (၂၅၀) ကျပ်နှုန်း သတ်မှတ်ရန်။

(၃) စက်မြင်းကောင်ရေ (၂၀) အထက်စက်တပ်ရေယာဉ်များနှင့် ရုံးချုပ်မှတ်ပုံတင် ရေယာဉ်များ၏ ခရီးသည်စင်းလုံးငှားပို့ဆောင်ခွင့် "ဂ" အမျိုး အစားလုပ်ငန်း လိုင်စင်ကြေးကို "ခ" အမျိုးအစားလုပ်ငန်း လိုင်စင်ကြေး၏ ၇၅% သတ်မှတ်ရန်။

(၄) ပင်ရှိုညာဉ်အရသယ်ယူ ပို့ဆောင်ခွင့် "ဃ" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး

စက်မြင်းကောင်ရေ (၂၀) အထက် ပင်ရှိုညာဉ်အရသယ်ယူ ပို့ဆောင်ခွင့် "ဃ" အမျိုးအစား လုပ်ငန်းလိုင်စင်ကြေးကို "ခ" အမျိုးအစားလုပ်ငန်းလိုင်စင်ကြေး အတိုင်း သတ်မှတ်ရန်။

(၅) ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး "င" အမျိုးအစားလုပ်ငန်းလိုင်စင်ကြေး

စက်မြင်းကောင်ရေ (၂၀) အထက် စက်တပ်ရေယာဉ်များနှင့် ရုံးချုပ်မှတ်ပုံတင် ရေယာဉ်များ၏ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသုံး "င" အမျိုးအစားလုပ်ငန်း လိုင်စင်ကြေးကို"က"အမျိုးအစား လုပ်ငန်းလိုင်စင်ကြေး၏ ၅၀% သတ်မှတ်ရန်။

(ဃ) တွဲတွန်း/တွဲဆွဲ ရေယာဉ်များ

(၁) ရုံးချုပ်မှတ်ပုံတင် ကုန်တင်-တွဲတွန်း/တွဲဆွဲရေယာဉ်များ၏ "က" အမျိုးအစား လုပ်ငန်း လိုင်စင်ကြေးကို ရေယာဉ်၏ စုစုပေါင်းတန်ချိန်အတွက် တစ်တန်လျှင် (၁၀၀) ကျပ်နှုန်း သတ်မှတ်ရန်။

(၂) ကုန်တင်-တွဲတွန်း/တွဲဆွဲရေယာဉ်များ၏ "ဃ" အမျိုးအစား လုပ်ငန်း လိုင်စင် ကြေးကို ရေယာဉ်၏ စုစုပေါင်းတန်ချိန်အတွက် တစ်တန်လျှင် (၁၀၀) ကျပ်နှုန်း သတ်မှတ်ရန်။

(င) စက်မဲ့ရေနံတင်/ကုန်တင်တွဲများ

(၁) စက်မဲ့ရေနံတင်တွဲများနှင့် စက်မဲ့ကုန်တင်တွဲများ၏ “က” အမျိုးအစားလုပ်ငန်းလိုင်စင်ကြေးကို စက်မဲ့တွဲများ၏ စုစုပေါင်းတန်ချိန်အတွက် တစ်တန်လျှင် (၁၀၀) ကျပ်နှုန်း သတ်မှတ်ရန်။

(၂) စက်မဲ့ရေနံတင်တွဲများနှင့် စက်မဲ့ကုန်တင်တွဲများ၏ “ဃ” အမျိုးအစားလုပ်ငန်းလိုင်စင်ကြေးကို စက်မဲ့တွဲများ၏ စုစုပေါင်းတန်ချိန်အတွက် တစ်တန်လျှင် (၁၀၀) ကျပ်နှုန်း သတ်မှတ်ရန်။

(စ) လုပ်ငန်းလိုင်စင်ပုံစံကြေး၊ ရက်လွန်ဒဏ်ကြေး နှင့်အခြားသတ်မှတ်ချက်များ

(၁) စက်တပ်ရေယာဉ်နှင့် စက်မဲ့တွဲတစ်စီးချင်းအလိုက် အပိုင်း (၁) လိုင်စင်ပုံစံကြေး (၂၀၀) ကျပ်၊ အပိုင်း (၂) လိုင်စင်ပုံစံကြေး (၁၀၀) ကျပ် သတ်မှတ်ရန်။

(၂) စက်မြင်းကောင်ရေ (၂၀) အောက်ရေယာဉ်များ၏ လိုင်စင်ပုံစံကြေး (၁၀၀) ကျပ် သတ်မှတ်ရန်။

(၃) သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မှတ်ပုံတင်ပြီး (၄၅) ရက် ကျော်လွန်ပြီး လုပ်ငန်းလိုင်စင် လျှောက်ထားပါက သတ်မှတ်လုပ်ငန်းလိုင်စင်ကြေး၏ ၅၀% ကို ဒဏ်ကြေးအဖြစ်သတ်မှတ်ရန်။

(၄) “စ” ယာယီ လက်မှတ် တစ်ကြိမ် ထုတ်ပေးလျှင် (၁၀၀၀) ကျပ် သတ်မှတ်ရန်။

(၅) စက်တပ်ရေယာဉ်နှင့် စက်မဲ့တွဲများ၏ လုပ်ငန်းလိုင်စင် သက်တမ်းတိုးရန် သတ်မှတ်ရက်ထက် ကျော်လွန်လျှင် တစ်လအတွက် သတ်မှတ်လုပ်ငန်းလိုင်စင်ကြေး၏ ၂၀%ကို ဒဏ်ကြေးအဖြစ်သတ်မှတ်ရန်။

(၆) တစ်လမပြည့်သောရက်များကို တစ်လ ဟုသတ်မှတ်ရန်။

၄။ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (ဗဟို)၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက် နေ့စွဲဖြင့် ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၄)အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဉာဏ်ထွန်းအောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန

စာအမှတ်၊ ၆၁ - ပဆ / ခွဲ (၁) (ည) (၁/ ၃၃၅)
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်

**ဖြန့်ဝေခြင်း**

မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်ရေးဗဟိုအဖွဲ့

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ပြည်တွင်းရေကြောင်းသွားရေယာဉ်ပိုင်ရှင်များအသင်း

မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘောပိုင်ရှင်များအသင်း

ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ရေးလုပ်ငန်း } မြန်မာနိုင်ငံ ပြန်တမ်းအပိုင်း(၁)တွင်ထည့်သွင်းကြော်ငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်ကြော်ငြာစာတွဲ

အမိန့်အရ

ဝင်းခန့်
အမြဲတမ်းအတွင်းဝန်